# ရှမ်းပြည်နယ်တောင်ပိုင်း
# ပအိုဝ်းစကား၏စကားသံဖွဲ့ပုံ

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မလှညွန့်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းစကား၏ စကားသံဖွဲ့ပုံကို လေ့လာတင်ပြထားသော ကျမ်းဖြစ်ပါသည်။ လေ့လာမှုနယ်ပယ်မှာ စကားသံဖွဲ့ပုံ ဖြစ်ပါသည်။ စကားသံ၏ အစိတ်အပိုင်းများဖြစ်ကြသည့် ဗျည်းနှင့်သရဟူသည့် သံရင်းတို့ကို အခြေခံလျက် ဝဏ္ဏဖွဲ့ပုံအဆင့်ထိ လေ့လာတင်ပြ ထားပါသည်။ ဤကျမ်းတွင် ဗျည်းစနစ်၊ သရစနစ်၊ ဝဏ္ဏဖွဲ့ပုံစနစ်နှင့်တက်ကျသံစနစ်ဟူ၍ လေးပိုင်းခွဲ၍ တင်ပြထားပါသည်။ ပအိုဝ်းစကားတွင် ဗျည်း(၂၂)လုံးရှိပြီး၊ ဌာန်(၇)ခုတွင် ဖြစ်ဟန်(၇)မျိုးဖြင့် ဖြစ်တည်နေကြပါသည်။ သရအနေဖြင့် လုံးချင်းသရ(၁၁)လုံးနှင့် သရတွဲ (၉)တွဲ ပါဝင်ပါသည်။ မူလသရများ ပါဝင်သကဲ့သို့ တစ်ဆင့်ခံသရများလည်းပါဝင်ပါသည်။ ဝဏ္ဏဖွဲ့ပုံစနစ်တွင် အရှင်းလင်းဆုံး ဝဏ္ဏပုံစံ(၄)မျိုးကို အခြေခံတည်၍ ဝဏ္ဏပုံစံ(၁၇)မျိုးထိ ကွဲပြားသွားနိုင်ပါသည်။ ပအိုဝ်းစကားသည် အဆုံးဗျည်းသံ ပီပီသသ ရွတ်ဆိုသော ဘာသာစကား ဖြစ်ပါသည်။ အသံအလျားသည် ပအိုဝ်းစကားတွင် သဒ္ဒဗေဒနှင့် စကားသံဖွဲ့ပုံ နှစ်မျိုးလုံးတွင် ထင်ရှားမှုရှိပါသည်။ တက်ကျသံစနစ်တွင် တက်ကျသံ(၆)ခု ရှိပါသည်။ ဤကျမ်းကို ပြုစုခြင်းဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသား ပအိုဝ်းအမျိုးသားတို့၏ စကားသံဖွဲ့ပုံစနစ်ကို ပီပြင်စွာဖော်ထုတ် မှတ်တမ်းတင်နိုင်သည့် ဘာသာစကားဆိုင်ရာ အကျိုးကျေးဇူးကို ရရှိနိုင်မည် ဖြစ်ပါသည်။